# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန

## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း

## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းမှ ထုတ်လုပ်သည့် စက်သုံးဆီ(ဓာတ်ဆီ) ရောင်းချမည့်ပုံစံနှင့် ဝယ်ယူသူမှ လိုက်နာရမည့်စည်းကမ်းချက်များ

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မကွေးတိုင်းဒေသကြီး၊ အထက်မင်းလှမြို့နယ်တွင် တည်ရှိသော ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)စက်ရုံမှ ထုတ်လုပ်သည့် ဓာတ်ဆီများကို ပြည်တွင်းကုမ္ပဏီတို့၏ လက်ကားရောင်းဈေးနှုန်း၊ ပြည်ပ MOPS တို့နှင့် ချိန်ညှိ ဈေးနှုန်းသတ်မှတ်ပြီး ပြောင်းလဲသတ်မှတ်သည့် ရောင်းဈေးနှုန်းဖြစ်သည့် ဓာတ်ဆီ တစ်ဂါလန်လျှင် ၁,၇၅၀ ကျပ် (ကျပ်တစ်ထောင့်ခုနှစ်ရာငါးဆယ်တိတိ) နှုန်းဖြင့် ဂါလန်(၁.၀)သန်း (ဂါလန်တစ်သန်းတိတိ) အား စက်သုံးဆီအရောင်းဆိုင်များ၊ စက်သုံးဆီတင်သွင်း/ရောင်းချဖြန့်ဖြူးကုမ္ပဏီများ၊ ရေယာဉ်လုပ်ငန်းရှင်များ၊ လမ်းတံတားလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်း၊ ပို့ဆောင်ရေးလုပ်ငန်း၊ စက်ရုံအလုပ်ရုံများ၊ သတ္တုတွင်းလုပ်ငန်း၊ စက်သုံးဆီအသုံးပြု၍ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းရှင်များသို့ ၂၀-၁၁-၂၀၂၀ ရက်နေ့မှ ၂၁-၁၁-၂၀၂၀ ရက်နေ့အထိ လျှောက်လွှာလက်ခံပြီး လွတ်လပ်စွာရောင်းချမည်ဖြစ်ပါ၍ မည်သူမဆို ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)သို့ တိုက်ရိုက် လျှောက်ထားဝယ်ယူနိုင်ပါသည်။

၂။ လျှောက်လွှာအား E-mail (ref3manngm@gmail.com)သို့လည်းကောင်း၊ ကိုယ်တိုင်သော်လည်းကောင်း၊ သင့်ရာနည်းဖြင့် စက်ရုံသို့ တိုက်ရိုက်လျှောက်ထားနိုင်ပါသည်။

၃။ လျှောက်ထားဝယ်ယူသူသည် Bowser ဖြင့် ထုတ်ယူမည်ဆိုပါက အောက်ပါအတိုင်း ဝယ်ယူနိုင်သည်-

(က) အနည်းဆုံး ဓာတ်ဆီ ၁,၆၀၀ ဂါလန် (ဂါလန်တစ်ထောင့်ခြောက်ရာတိတိ) အား ဝယ်ယူနိုင်သည်။

(ခ) စက်ရုံမှ Bowser များသို့ တစ်ရက်ဖြည့်တင်းပေးနိုင်သည့် ပမာဏအရ ဝယ်ယူသူများသို့ ခွဲဝေရောင်းချပေးမည်။

၄။ လျှောက်ထားဝယ်ယူသူသည် ရေယာဉ်/ဆီတွဲဖြင့် ထုတ်ယူမည်ဆိုပါက စက်ရုံမှ ရောင်းချနိုင်မည့် ပမာဏ၊ တစ်ရက်ဖြည့်တင်းပေးနိုင်သည့် ပမာဏအပေါ်မူတည်၍ ခွဲဝေရောင်းချပေးမည်။

၅။ စက်ရုံမှ ရောင်းချသည့်ပုံစံ Flow Meter Issue ဖြင့် ထုတ်ပေးမည်။

၆။ လျှောက်ထားဝယ်ယူသူများအနေဖြင့် ဝယ်ယူခွင့်ရရှိသည့် ပမာဏ၊ ငွေသွင်းရမည့်နေ့၊ ကုန်ပစ္စည်းထုတ်ယူရမည့်နေ့တို့နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား စက်ရုံ

သို့ တိုက်ရိုက်ဆက်သွယ်၍ စက်ရုံ၏ သတ်မှတ်ညွှန်ကြားချက်အတိုင်း ဆက်လက်ဆောင်ရွက်ရမည်။

၇။ စက်သုံးဆီ ဝယ်ယူခွင့်ရရှိပြီး စက်ရုံမှ ထုတ်ယူနိုင်ရေးအတွက် လုပ်ငန်းဆောင်ရွက်မည့်သူများသည် (၃)ရက်အတွင်း သက်တမ်းရှိသော Covid-19 ရောဂါပိုးကူးစက်ခံရမှုမရှိကြောင်း ထောက်ခံချက်တင်ပြနိုင်ရမည်။

၈။ ဝယ်ယူခွင့်ရရှိသူများသည် ငွေပေးသွင်းထုတ်ယူခြင်းမရှိပါက နောက်တစ်ကြိမ်တွင် ရောင်းချပေးမည်မဟုတ်ပါ။

၉။ စက်ရုံ၏ ပျက်ကွက်ခြင်းကြောင့်မဟုတ်ဘဲ ဝယ်ယူသူဘက်မှ သတ်မှတ်ရက်အတွင်း ကုန်ပစ္စည်းအားလုံးကို အပြီးသတ် ထုတ်ယူနိုင်ခြင်းမရှိပါက ရက်လွန်ဒဏ်ကြေးများကို တရက်လျှင် ၀.၅ % ပေးဆောင်ရမည်။(ဥပမာ ၁၀ ရက်နောက်ကျမှ ထုတ်ယူလျှင် ၅ % ပေးဆောင်ရမည်)

၁၀။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းအနေဖြင့် ပြောင်းလဲသတ်မှတ်ရောင်းချမည့် ရောင်းဈေးနှုန်းကို နိုင်ငံပိုင် သတင်းစာနှင့် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန Website (www.moee.gov.mm) တို့တွင် ကြိုတင်ကြေညာ၍ ကာလ(၁)ခုအထိ ရောင်းချသွားမည်ဖြစ်ပါသည်။

**မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**